# အခြေပြုမူလတန်း သုတ်နက်

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# သန္ဓိသုတ်နက်

### ၁။ အတ္ထော အက္ခရသညာတော

အတ္ထော၊ အနက်ကို။ အက္ခရသညာတော၊ အက္ခရာတို့ဖြင့် ကောင်းစွာ သိအပ်, မှတ်အပ်၏။

### ၂။ အက္ခရာပါဒယော ဧကစတ္တာလီသံ

ဧကစတ္တာလီသံ၊ လေးဆယ့်တစ်လုံးသော၊ အာဒယော၊ အ-အစရှိကုန်သောဝဏ္ဏာတို့သည်။ အက္ခရာ အပိ၊ အက္ခရာလည်း မည်ကုန်၏။

### ၃။ တတ္ထော ဒန္တာ သရာ အဋ္ဌ

တတ္ထ၊ ထိုလေးဆယ့်တစ်လုံးသော အက္ခရာတို့တွင်။ ဩဒန္တာ၊ ဩအဆုံးရှိကုန်သော။ အဋ္ဌ၊ ရှစ်လုံးကုန်သော။ အက္ခရာ၊ အက္ခရာ တို့သည်။ သရာ၊ သရ မည်ကုန်၏။

### ၄။ လဟု မတ္တာ တယော ရဿာ

(တတ္ထ၊ ထိုရှစ်လုံးသော သရတို့တွင်။) လဟုမတ္တာ၊ ပေါ့ပါး လျှင်မြန်သော အတိုင်း အရှည်ရှိကုန်သော။ တယော၊ သုံးလုံးကုန်သော သရတို့သည်။ ရဿာ၊ ရဿ မည်ကုန်၏။

### ၅။အညေ ဒီဃာ

(တတ္ထ၊ ထိုရှစ်လုံးသော သရတို့တွင်။) အညေ၊ ရဿသရသုံးလုံးမှ တစ်ပါး ကုန်သော ငါးလုံးသော သရတို့သည်။ ဒီဃာ၊ ဒီဃ မည်ကုန်၏။

### ၆။ သေသာ ဗျဉ္ဇနာ

သေသာ၊ သရရှစ်လုံးမှ ကြွင်းကုန်သော အက္ခရာတို့သည်။ ဗျဉ္ဇနာ၊ ဗျည်းမည်ကုန်၏။

### ၇။ဝဂ္ဂါ ပဉ္စ ပဉ္စသော မန္တာ

မန္တာ၊ မ, အဆုံးရှိကုန်သော နှစ်ဆယ့်ငါးလုံးသော ဗျည်းတို့သည်။ ပဉ္စ

ပဉ္စသော၊ ငါးလုံး ငါးလုံး အစုအားဖြင့်။ ဝဂ္ဂါ၊ဝဂ်မည်ကုန်၏။**(တိပဒကြံ)**

**စတုပ္ပဒကြံ၍ သုတ်ကို အနက်ပေးပုံ**

ပဉ္စသော၊ ငါးလုံး ဝေဖန်ခြင်းတို့ဖြင့်။ မန္တာ၊မ-အဆုံးရှိကုန်သော။ ပဉ္စ၊ ငါးခု တို့သည်။ ဝဂ္ဂါ၊ ဝဂ်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**၈။အံ ဏ္ကတိ နိဂ္ဂဟိတံ**

အံဏ္ကတိ၊ အံ-ဟူသော ဗိန္ဒုသည်။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်မည်၏။

**၉။ပရသမညာ ပယောဂေ**

ပယောဂေ၊ ယှဉ်သင့်သည်။ သတိ၊ ရှိသော်။ ပရသမညာ၊ တပါးသော အမည် သညာတို့ကို။(ဝါ) ကျမ်းတပါး၌လာသော အမည်သညာတို့ကို။ ယုဇ္ဇန္တေ၊ ယှဉ်အပ်ကုန်၏။

**၁၀။ပုဗ္ဗမဓောဌိတ မဿရံ သရေန ဝိယောဇယေ**

ပုဗ္ဗံ၊ ပရာသယဖြစ်သော ရှေ့ဗျည်းကို။ အဓောဌိတံ၊ ရှေ့ဟုဆိုအပ်သော အောက်၌ အစဉ်မပျက် တည်ထားရန်ဘို့။ အဿရံ၊ သရကင်းအောင် ပြု၍။ သရေန၊ မိမိမှီရာ သရမှ (ဝါ) မိမိမှီရာ သရနှင့်။ ဝိယောဇယေ၊ ခွင်းရာ၏။(ဝါ) ခွဲရွေ့ရာ၏။

**၁၁။ နယေ ပရံ ယုတ္တေ**

ယုတ္တေ၊ ဆောင်ကပ်၍ သန္ဓိစပ်သင့်သော အကြောင်းသည်။ သတိ၊ ရှိလတ်သော်။ အဿရံ၊ သရကင်းသော၊ အဓောဌိတံ၊ အောက်၌တည်သော။ ပုဗ္ဗံ၊ ရှေ့ဗျည်းကို။ ပရံ၊ နောက် အက္ခရာသို့။ နယေ၊ ဆောင်ကပ်ရာ၏။

**သန္ဓိပထမပိုင်းပြီး၏။**

## သန္ဓိဒုတိယပိုင်း

**၁၂။ သရာ သရ လောပံ**

သရေ၊ နောက်သရကြောင့်။ သရာ၊ ရှေ့သရတို့သည်။ လောပံ၊ကျေခြင်းသို့၊ ပပ္ပောန္တိ၊ ရောက်ကုန်၏။

## ၁၃။ ဝါ ပရော အသရူပါ။

အသရူပါ၊ တူသော သုတိရှိသည်မဟုတ်သော ရှေ့သရမှ။ ပရော၊ နောက်ဖြစ်သော သရသည်။ဝါ၊အချို့။ လောပံ၊ ကျေခြင်းသို့။ ပပ္ပေါတိ၊ရောက်၏။

## ၁၄။ ကွစာသဝဏ္ဏံ လုတ္တေ။

လုတ္တေ၊ ရှေ့သရကျေပြီးသည်ရှိသော်။ ပရော၊ နောက်သရသည်။ ကွစိ၊ အချို့၌။ အသဝဏ္ဏံ၊ ဧ,ဩ အသဝဏ်အဖြစ်သို့။ ပပ္ပေါတိ၊ ရောက်၏။

## ၁၅။ ဒီဃံ။

သရေ၊ ရှေ့သရသည်။ လုတ္တေ၊ ကျေပြီးသည်ရှိသော်။ ပရော၊ နောက်ဖြစ်သော။ သရော၊ သရသည်။ ကွစိ၊ အချို့၌။ ဒီဃံ၊ ဒီဃအပြုသို့။ ပပ္ပေါတိ၊ ရောက်၏။

## ၁၆။ ပုဗ္ဗောစ

လုတ္တေ၊ နောက်သရကျေပြီးသော်။ ပုဗ္ဗောစ၊ ရှေ့သရသည်လည်း။ ကွစိ၊ အချို့၌။ ဒီဃံ၊ ဒီဃအပြုသို့။ ပပ္ပေါတိ၊ ရောက်၏။

## ၁၇။ ယမေဒန္တဿာဒေသော

သရေ၊ နောက်သရကြောင့်။ ဧဒန္တဿ၊ တေ, မေ-၏ အစိတ်ဧ- ၏။ ကွစိ၊ အချို့၌။ ယံ အာဒေသော၊ ယပြုသည်။ ဟောတိ၊ဖြစ်၏။

## ၁၈။ ဝမောဒုဒန္တာနံ

သရေ၊ နောက်သရကြောင့်။ ဩဒုဒန္တာနံ၊ အစိတ် ဩ-ဥတို့၏။ ကွစိ၊ အချို့၌။ ဝံ၊ ဝပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၁၉။ သဗ္ဗော စံ တိ

သရေ၊ နောက်သရကြောင့်၊ သဗ္ဗော၊ အလုံးစုံသော၊ တိ၊ တိ-သဒ္ဒါသည်၊ စံ၊ စ- အဖြစ်သို့၊ ပပ္ပေါတိ၊ရောက်၏။

## ၂၀။ ဒေါဓဿ စ

သရေ စ၊ နောက်သရကြောင့်လည်း၊ ဓဿစ၊ ဓ၏လည်း။ ကွစိ၊ အချို့၌။ ဒေါစ၊ ဒပြု သည်လည်း။ ဟောတိ၊ ဖြစ်၏။

## ၂၁။ ဣဝဏ္ဏော ယံ နဝါ

သရေ၊ နောက်သရကြောင့်။ ဣဝဏ္ဏော၊ဣဝဏ်သည်။ နဝါ၊အချို့။ ယံ၊ ယအဖြစ်သို့။ ပပ္ပေါတိ၊ ရောက်၏။

## ၂၂။ ဝေါဒိဿ ရိ ပုဗ္ဗော စ ရဿော

ဝေါဒိဿ၊ ဝေသဒ္ဒါ၏ အစ ဧ-၏။ ရိ၊ ရိပြုသည်။ နဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။ ပုဗ္ဗော၊ ရှေ့ဖြစ်သော သရသည်။ ရဿောစ၊ ရဿပြုသည်လည်း။ ဟောတိ၊ ဖြစ်၏။

## သန္ဓိဒုတိယပိုင်းပြီး၏။

# သန္ဓိတတိယပိုင်း

## ၂၃။ သရာ ပကတိ ဗျဉ္ဇနေ

ဗျဉ္ဇနေ၊ နောက်ဗျည်းကြောင့်။ သရာ၊ ရှေ့သရတို့သည်။ ပကတိ၊ ပကတိပြုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၂၄။ သရေ ကွစိ

သရေ၊ နောက်သရကြောင့်။ သရာ၊ ရှေ့သရတို့သည်။ ကွစိ၊ အချို့၌။ ပကတိ၊ ပကတိ ပြုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၂၅။ ဒီဃံ

ဗျဉ္ဇနေ၊ နောက်ဗျည်းကြောင့်။ သရာ၊ ရှေ့သရတို့သည်။ ကွစိ၊ အချို့၌။ ဒီဃံ၊ ဒီဃ အဖြစ်သို့။ ပပ္ပေါန္တိ၊ ရောက်ကုန်၏။

## ၂၆။ ရဿံ

ဗျဉ္ဇနေ၊ နောက်ဗျည်းကြောင့်။ သရာ၊ ရှေ့သရတို့သည်။ ကွစိ၊ အချို့၌။ ရဿံ၊ ရဿ အဖြစ်သို့။ ပပ္ပေါန္တိ၊ ရောက်ကုန်၏။

## ၂၇။ လောပဉ္စ တတြာကာရော

## (ကစ္စည်းအလို)

ဗျဉ္ဇနေစ၊ နောက်ဗျည်းကြောင့်လည်း။ သရာ၊သရတို့သည်။ ကွစိ၊အချို့၌။ လောပံ၊ ကျေပျောက်ခြင်းသို့။ ပပ္ပေါန္တိ၊ရောက်ကုန်၏။ တတြ၊ထိုကျေခြင်း

ကို။ ကတော၊ ပြုအပ်ပြီးသော်။ အကာရောစ၊ အ-အက္ခရာ လာသည် လည်း။ ဟောတိ၊ ဖြစ်၏။

**(ရူပသိဒ္ဓိ-အလို)**

ဗျဥ္ဇနေစ၊ ကြောင့်လည်း။ သရာ၊ရှေ့ တေ-သဒ္ဒါ, တ-သဒ္ဒါတို့၏ အဆုံး ဩသရတို့သည်။ လောပံ၊သို့။ ကွစိ၊ အချို့သောပုံစံ၌။ ပပ္ပေါန္တိ၊ ရောက် ကုန်၏။ တတြ၊ ထိုကျေရာဌာန၌။ အကာရောစ၊ အ-အက္ခရာလာသည် လည်း။ ဟောတိ၊ ဖြစ်၏။

**၂၈။ ပရ ဒွေဘာဝေါ ဌာနေ**

ဌာနေ၊ သင့်လျော်သောအကြောင်းသည်။ သတိ၊ ရှိလတ်သော်။ ပရဿ၊ နောက် ဗျည်း၏။ ဒွေဘာဝေါ၊ သဒိသဒွေဘော်ပြုသည်။ ဟောတိ၊ ဖြစ်၏။

**၂၉။ ဝဂ္ဂေ ဃောသာ ဃောသာနံ တတိယ ပဌမာ**

ဌာနေ၊ သင့်လျော်သော အကြောင်းသည်။ သတိ၊ ရှိလတ်သော်၊ ဝဂ္ဂေ၊ ငါးပါးသော ဝဂ်၌။ တတိယ ပဌမာ၊ တတိယက္ခရာ, ပဌမက္ခရာတို့သည်။ ဃောသာဃောသာနံ၊ ဃောသအဃောသ စတုတ္ထ ဒုတိယ အက္ခရာဖြစ် ကုန်သော ဗျည်းတို့၏။ ဒွေဘာဝံ၊ အသဒိသ ဒွေဘော်အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

**သန္ဓိတတိယပိုင်းပြီး၏။**

## သန္ဓိစတုတ္ထပိုင်း

**၃၀။ အံ ဗျဥ္ဇနေ နိဂ္ဂဟိတံ**

ဗျဥ္ဇနေ၊ နောက်ဗျည်းကြောင့်။ နိဂ္ဂဟိတံ၊နိဂ္ဂဟိတ်သည်။ အံ၊အံပြုသည်။ ဟောတိ၊ ဖြစ်၏။

**၃၁။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ**

ဝဂ္ဂေ၊ ဝဂ်ဖြစ်သော ဗျည်းကြောင့်။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်သည်။ ဝဂ္ဂန္တံ၊ နှောင်းသော ဝဂ်၏ င, ဉ, ဏ, န, မ-ဟူသော ဝဂ္ဂန္တအဖြစ်သို့။ ဝါ၊ အချို့။ ပပ္ပေါတိ၊ ရောက်၏။

## ၃၂။ ဧဟေ ဦ

ဧဟေ၊ ဧ, ဟ-အက္ခရာကြောင့်။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်သည်။ ဝါ၊ အချို့။ ဦ၊ ဉ အဖြစ်သို့။ ပပ္ပေါတိ၊ ရောက်၏။

## ၃၃။ သယေ စ

ယေစ၊ နောက် ယ-အက္ခရာကြောင့်လည်း။ သ၊ နိမိတ်ယနှင့် တကွ။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်သည်။ ဝါ၊အချို့။ ဦ၊ ဉ -အပြုသို့။ ပပ္ပေါတိ၊ ရောက်၏။

## ၃၄။ မဒါသရေ

သရေ၊ နောက်သရကြောင့်။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်သည်။ မဒါ၊ မ-ပြု, ဒ-ပြုတို့သည်။ ဝါ၊ အချို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၃၅။ ယ ဝ မ ဒ န တ ရ လာစာဂမာ

သရေ၊ နောက်သရကြောင့်။ ယ ဝ မ ဒ န တ ရ လာ စ၊ ယ, ဝ, မ, ဒ, န, တ, ရ, လ အက္ခရာတို့သည်လည်း။ အာဂမာ၊ လာကုန်သည်။ ဝါ၊ အချို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၃၆။ ကွစိ ဩ ဗျဉ္ဇနေ

ဗျဉ္ဇနေ၊ နောက်ဗျည်းကြောင့်။ ကွစိ၊ အချို့၌။ ဩ၊ ဩ-အက္ခရာသည်။ အာဂမော၊ လာသည်။ ဟောတိ ၊ ဖြစ်၏။

## ၃၇။ နိဂ္ဂဟိတဉ္စ

သရေဝါ၊ နောက်သရကြောင့်ငှင်း။ ဗျဉ္ဇနေဝါ၊ နောက်ဗျည်းကြောင့်ငှင်း။ ကွစိ၊ အချို့၌။ နိဂ္ဂဟိတဉ္စ၊ နိဂ္ဂဟိတ်လာသည်လည်း။ ဟောတိ၊ဖြစ်၏။

## ၃၈။ ကွစိ လောပံ

သရေ၊ နောက်သရကြောင့်။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်သည်။ ကွစိ၊ အချို့၌။ လောပံ၊ ကျေခြင်းသို့။ ပပ္ပေါတိ။ ရောက်၏။

## ၃၉။ ဗျဉ္ဇနေစ

ဗျဉ္ဇနေစ၊ နောက်ဗျည်းကြောင့်လည်း။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်သည်။ ကွစိ၊ အချို့၌။ လောပံ၊ ကျေခြင်းသို့။ ပပ္ပေါတိ၊ရောက်၏။

## ၄၀။ ပရော ဝါ သရော

## (ကစ္စည်းအလို)

နိဂ္ဂဟိတမှာ၊ နိဂ္ဂဟိတ်မှ။ ပရော၊နောက်ဖြစ်သော။ သရော၊ သရသည်။ လောပံ၊ ကျေခြင်းသို့။ ဝါ၊ အချို့။ ပပ္ပေါတိ၊ ရောက်၏။

## (ရူပသိဒ္ဓိ–အလို)

နိဂ္ဂဟိတမှာ၊ မှ။ ပရော၊ သော။ သရော၊ ဣတိ, ဣဝ, ဣဒါနိ, အသိ, အပိ, ဧဝ-နိပါတ်ပုဒ်တို့၏ ဣ, အ,ဧ-သရသည်။ လောပံ၊ ကျေခြင်းသို့။ ဝါ၊ အချို့။ ပပ္ပေါတိ၊ ရောက်၏။

## ၄၁။ ဗျဉ္ဇနော စ ဝိသညောဂေါ

နိဂ္ဂဟိတမှာ၊ နိဂ္ဂဟိတ်မှ။ ပရသ္မိံ၊ နောက်ဖြစ်သော။ သရေ၊ သရသည်။ လုတ္တေ စ၊ ကျေသော်လည်း။ ဗျဉ္ဇနော၊ သံယောဂဗျည်းသည်။ ဝိသညောဂေါ၊ ဝိသံယောဂ ဗျည်းသည်။ ဟောတိ၊ ဖြစ်၏။

## သန္ဓိစတုတ္ထပိုင်းပြီး၏။

# သန္ဓိပဉ္စမပိုင်း

## ၄၂။ ဂေါသရေ ပုထဿာဂမော ကွစိ

သရေ၊ နောက်သရကြောင့်။ ပုထဿ၊ ပုထနိပါတ်၏။ အန္တေ၊ အဆုံး၌။ ကွစိ၊ အချို့၌။ ဂေါ၊ ဂ-အက္ခရာသည်။ အာဂမော၊ လာသည်။ ဟောတိ၊ ဖြစ်၏။

## ၄၃။ ပါဿ စန္တော ရဿော

သရေ၊ နောက်သရကြောင့်။ ပါဿ၊ ပါနိပါတ်၏ အဆုံး၌။ ကွစိ၊ အချို့၌။ ဂေါ၊ ဂ-အက္ခရာသည်။ အာဂမော၊ လာ၏။ အန္တော၊ ပါနိပါတ်၏ အစိတ် အာသည်။ ရဿော စ၊ ရဿ ပြုသည်လည်း။ ဟောတိ၊ ဖြစ်၏။

## ၄၄။ အဗ္ဘော အဘိ

သရေ၊ နောက်သရကြောင့်။အဘိ၊အဘိဥပသာရ၏။အဗ္ဘော၊အဗ္ဘပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၄၅။ အဇ္ဈော အဓိ

သရေ၊ နောက်သရကြောင့်။ အဓိ၊ အဓိဥပသာရ၏။အဇ္ဈော၊အဇ္ဈပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၄၆။ တေ န ဝါ ဣဝဏ္ဏေ

ဣဝဏ္ဏေ၊ ဣဝဏ်ကြောင့်။ တေ၊ ထို အတိ, အဓိပုဒ်တို့၏ အဇ္ဈ, အစ္စ ရုပ်တို့သည်။ ဝါ၊အချို့။ န ဟောန္တိ၊ မဖြစ်ကုန်။

## ၄၇။ အတိသဿစန္တဿ

ဣဝဏ္ဏေ၊ဣဝဏ်ကြောင့်။ အတိဿစ၊အတိ-ဥပသာရ၏လည်း။ အန္တဿ၊ အစိတ်တိ-၏။ တံ၊ ထိုသဗ္ဗောစံတိသုတ်၌ ဆိုခဲ့ပြီးသော စ-ပြုရုပ်သည်။ န ဟောတိ၊ မဖြစ်။

## ၄၈။ ကွစိ ပဋိ ပတိဿ

သရေဝါ၊ နောက်သရကြောင့်ငင်း။ ဗျဥ္ဇနေဝါ၊ နောက်ဗျည်းကြောင့်ငင်း၊ ပတိဿ၊ ပတိ- ဥပသာရ၏။ ကွစိ၊ အချို့၌။ ပဋိ၊ ပဋိပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၄၉။ ပုထဿု ဗျဥ္ဇနေ

ဗျဥ္ဇနေ၊ နောက်ဗျည်းကြောင့်။ ပုထဿ၊ ပုထ-သဒ္ဒါ၏။ အန္တော၊ အစိတ် သရသည်။ ဥ၊ ဥပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၅၀။ သြ အဝဿ

ဗျဥ္ဇနေ၊ နောက်ဗျည်းကြောင့်။ အဝဿ၊ အဝ ဥပသာရ၏။ ကွစိ၊ အချို့၌။ သြ၊ သြ ပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၅၁။ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော

အနုပဒိဋ္ဌာနံ၊ မပြအပ်ကုန်သေးသောရုပ်တို့၏။ သိဒ္ဓိ၊ပြီးခြင်းကို။ ဝုတ္တယောဂတော၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

# သန္ဓိပြီး၏။

# နာမ်

## နာမ် ပထမပိုင်း

### ၅၂။ ဇိနဝစနယုတ္တံဟိ

ပုဗ္ဗာပရံ၊ ရှေ့-နောက် သုတ်,ဝုတ္တိ,ဥဒါဟရဏ် အလုံးစုံသည်။ ဇိနဝစန ယုတ္တံဟိ-ဇိနဝစနယုတ္တံ ဧဝ၊ မြတ်စွာဘုရား ပါဠိတော်အား လျော်သည် ချည်းသာတည်း။

### ၅၃။ လိင်္ဂဥ္စ နိပ္ပဇ္ဇတေ

လိင်္ဂဥ္စ၊ လိင်ကိုလည်း။ နိပ္ပဇ္ဇတေစ၊ ပြီးလည်း ပြီးစေအပ်၏။ ထပီယတေ စ၊ တည်လည်း တည်ထားအပ်၏။

### ၅၄။ တတောစ ဝိဘတ္တိယော

ဝိဘတ္တိယော၊ ဝိဘတ်တို့သည်။ တတောစ၊ ထိုလိင်တို့မှလည်း။ ပရာ၊ နောက်၌ သက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

### ၅၅။ သိယော အံယော နာဟိ သနံ သ္မာဟိ သနံ သ္မိံ သု

သိယော အံယော နာဟိ သနံ သ္မာဟိ သနံ သ္မိံသု၊ သိ-သဒ္ဒါ, ယော-သဒ္ဒါ, အံ သဒ္ဒါ, ယော-သဒ္ဒါ, နာ-သဒ္ဒါ, ဟိ-သဒ္ဒါ, သ-သဒ္ဒါ, နံ-သဒ္ဒါ, သ္မာ-သဒ္ဒါ, ဟိ-သဒ္ဒါ, သ-သဒ္ဒါ, နံ-သဒ္ဒါ, သ္မိံသဒ္ဒါ, သု-သဒ္ဒါတို့သည်။ ဝိဘတ္တိယော၊ ဝိဘတ်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

### ၅၆။ တဒနုပရောဓေန

တဒနုပရောဓေန၊ ထိုဇိနဝစနနှင့် မဆန့်ကျင်သဖြင့်။ လိင်္ဂဥ္စ၊ လိင်ကို လည်း၊ ဓာတု စ၊ ဓာတ်ကိုလည်း၊ နိပ္ပဇ္ဇတေစ၊ ပြီးလည်း ပြီးစေအပ်၏။ ထပီယတေစ၊ တည်လည်း တည်ထားအပ်၏။

### ၅၇။ အာလပနေသိ ဂသညော

အာလပနေ၊ အာလုပ်အနက်၌။ ဝိဟိတော၊စီရင်အပ်သော။ သိ၊သိဝိဘတ် သည်။ ဂသညော၊ ဂမည်သည်။ ဟောတိ၊ဖြစ်၏။

### ၅၈။ ဣဝဏ္ဏုဝဏ္ဏာ ဈလာ

ဣဝဏ္ဏုဝဏ္ဏာ၊ ဣဝဏ်နှစ်လုံး ဥဝဏ် နှစ်လုံးတို့သည်။ ဈလာ၊

အစဉ်အတိုင်း စျ လ မည်ကုန်၏။

## ၅၉။ တေလ္လတ္ထိချာပေါ

လ္လတ္ထိချာ၊ လ္လတ္ထိလိင်ကို ဟောကုန်သော။ တေ၊ ထို လ္လဝဏ်,ဥဝဏ်တို့သည်။ ပေါ၊ ပ- မည်ကုန်၏။

## ၆၀။ အာဃော

လ္လတ္ထိချော၊ လ္လတ္ထိလိင်ကိုဟောသော။ အာ၊ အာ-အက္ခရာသည်။ ဃော၊ ဃမည်၏။

## ၆၁။ သာဂမောသေ

သေ၊ သဝိဘတ်ကြောင့်။ သာဂမော၊ သ-လာသည်။ (ဝါ) သ-လာခြင်းသည်။ ဟောတိ၊ဖြစ်၏။

## ၆၂။ သံသာသွေက ဝစနေသုစ

ဧကဝစနေသု၊ ဧကဝုစ်ဖြစ်ကုန်သော။ သံသာသုစ၊ သံပြု, သာပြုတို့ကြောင့်လည်း။ သာဂမော၊ သ- လာသည်။ ဟောတိ၊ ဖြစ်၏။

## ၆၃။ ဧတိမာသမိ

ဧကဝစနေသု၊ဧကဝုစ်ဖြစ်ကုန်သော။ သံသာသု၊သံပြု, သာပြုတို့ကြောင့်။ ဧတိမာသံစ၊ ဧတာ, လ္လမာ-သဒ္ဒါတို့၏ အစိတ်အာ-၏လည်း။ လ္လ၊ လ္လပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၆၄။ တဿာ ဝါ

ဧကဝစနေသု၊ဧကဝုစ်ဖြစ်ကုန်သော။ သံသာသု၊ သံပြု,သာပြုတို့ကြောင့်။ တဿာ၊ တာ-သဒ္ဒါ၏ အစိတ်အာ-၏။ လ္လ၊လ္လပြုသည်။ဝါ၊အချို့။ ဟောတိ၊ ဖြစ်၏။

## ၆၅။ တတော သဿ ဿာယ

တတော၊ ထို တာ, ဧတာ, လ္လမာ-သဒ္ဒါတို့မှ။ ပရဿ၊ နောက်ဖြစ်သော။ သဿ၊ သဝိဘတ်၏။ ဿာယ၊ ဿာယပြုသည်။ ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။

## ၆၆။ ဃောရသံ

ဧကေဝစနေသု၊ဧကဝုစ်ဖြစ်ကုန်သော။ သံသာသု၊သံပြု,သာပြုတို့ကြောင့်။ ဃော၊ ဃ-အမည်ရှိသောအာ-သည်။ ရသံ၊ ရဿ အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၆၇။ နော စ ဒ္ဒါဒိတော နံမှိ

နံမှိ၊ နံဝိဘတ်ကြောင့်။ ဒွါဒိတောစ၊ ဒွိ-အစရှိသော သင်္ချာသဒ္ဒါမှလည်း။ ပရေ၊ နောက်၌။ နောစ၊ န-သည်လည်း။ အာဂမော၊ လာ၏။

## ၆၈။ အမာပတော သ္မိံသ္မာနံ ဝါ

ပတော၊ ပ-မည်သော ဣဝဏ်မှ။ ပရေသံ၊ နှောင်းကုန်သော။ သ္မိံ သ္မာနံ၊ သ္မိံ , သ္မာ ဝိဘတ်တို့၏။ အံ အာ၊ အံပြု,အာပြုတို့သည်။ ဝါ၊ အချို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၆၉။ အာဒိတော ဩစ

အာဒိတောစ၊ အာဒိ-သဒ္ဒါမှလည်း။ ပရဿ၊ နောက်ဖြစ်သော။ သ္မိံ၊ သ္မိံ ဝိဘတ်၏။ ဩစ၊ ဩပြုသည်၎င်း။ အံစ၊ အံပြုသည်၎င်း။ ဝါ၊ အချို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၇၀။ ဈလာန မိယုဝါ သရေဝါ

သရေ၊ သရကြောင့်။ ဈလာနံ၊ ဈ လတို့၏။ ဣယုဝါ၊ ဣယပြု ဥဝပြုတို့သည်။ ဝါ၊ အချို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၇၁။ ယဝကာရာ စ

သရေ၊ နောက်သရကြောင့်။ ဈလာနံ၊ ဈ လတို့၏။ ယဝကာရာစ၊ ယပြု ဝ-ပြုတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၇၂။ ပသညဿ စ

သရေ၊ ဝိဘတ်အပြုဖြစ်သော သရကြောင့်။ ပသညဿစ၊ ပ-မည်သော ဣဝဏ်၏လည်း။ ယကာရောစ၊ ယပြုသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ စ၊ မဖြစ်သည်လည်း ရှိသေး၏။

## ၇၃။ ဂါဝသေ

### (ဒွိပဒကြံ၍ ပေးပုံ)

သေ၊ သဝိဘတ်ကြောင့်။ ဂါဝ၊ ဂေါသဒ္ဒါ၏ဩ၏ အာဝ-အပြုသည်။ ဟောတိ၊ ဖြစ်၏။

### (တိပဒကြံ၍ ပေးပုံ)

သေ၊သဝိဘတ်ကြောင့်။ ဂေါ၊ဂေါ-သဒ္ဒါ၏ အစိတ်ဩ-၏။ အာဝ၊ အာဝပြု သည်။ ဟောတိ၊ ဖြစ်၏။

### (စတုပ္ပဒကြံ၍ ပေးပုံ)

သေ၊ သဝိဘတ်ကြောင့်။ ဂေါ၊ ဂေါ-သဒ္ဒါ၏။ ဩ၊ ဩ-အက္ခရာ၏။ အာဝ၊ အာဝ-ပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၇၄။ ယောသုစ

ယောသုစ၊ ယောဝိဘတ်တို့ကြောင့်လည်း။ ဂေါ၊ ဂေါသဒ္ဒါ၏ အစိတ်ဩ-၏။ အာဝ၊ အာဝ-ပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၇၅။ အဝံမှိ စ

အံမှိစ၊ အံဝိဘတ်ကြောင့်လည်း။ ဂေါ၊ ဂေါသဒ္ဒါ၏ အစိတ်ဩ၏။ အာဝစ၊ အာဝပြုသည်၎င်း၊ အဝစ၊ အဝပြုသည်၎င်း။ ဟောတိ၊ ဖြစ်၏။

## ၇၆။ အာဝဿု ဝါ

အံမှိ၊ အံဝိဘတ်ကြောင့်။ အာဝဿ၊ အာဝပြု၏ အစိတ် အ-၏။ ဥ၊ ဥပြု သည်။ ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။

## ၇၇။ တတော နမံ ပတိမှာ လုတ္တေစ သမာသေ

ပတိမှိ၊ ပတိ-သဒ္ဒါကြောင့်။ အလုတ္တေ၊ ဝိဘတ်မကျေသော။ သမာသေစ၊ သမာသ်၌လည်း။ တတော၊ ထိုဂေါသဒ္ဒါမှ။ ပရဿ၊ နောက်ဖြစ်သော။ နံ၊ နံဝိဘတ်၏။ အံ၊ အံပြုသည်။ ဟောတိ၊ ဖြစ်၏။ ဂေါ၊ ဂေါ-သဒ္ဒါ၏ အစိတ်ဩ၏။ အဝစ၊ အဝပြုသည်လည်း။ ဟောတိ၊ ဖြစ်၏။

## ၇၈။ ဩသရေ စ

သရေစ၊ နောက်သရကြောင့်လည်း။ သမာသေ၊ လုတ္တသမာသ်၌။

ဂေါ၊ ဂေါ-သဒ္ဒါ၏ အစိတ်သြ- ၏။ အ၀၊ အ၀ပြုသည်။ ဟောတိ၊ဖြစ်၏။

**၇၉။ တဗ္ဗိပရီတူပ ပဒေ ဗျဥ္ဇနေစ**

ဗျဥ္ဇနေ၊နောက်ဗျည်းကြောင့်။ ဥပပဒေ၊ပုဒ်၏အနီး၌။ တဗ္ဗိမာနဿ၊ တည်ရှိသော။ တဗ္ဗိပရီတော၊ ထိုအ၀-သဒ္ဒါ၏ ထိုသြ၏ ဝိပရိတ် ဥ- ပြုသည်။ ဟောတိ၊ ဖြစ်၏။ စ၊မဖြစ်သည်လည်း ရှိသေး၏။

**၈၀။ ဂေါဏ နံမှိ ဝါ**

နံမှိ၊ နံဝိဘတ်ကြောင့်။ ဂေါ၊ ဂေါ-သဒ္ဒါ၏။ ဂေါဏ၊ ဂေါဏ-ပြုသည်။ ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။

**၈၁။ သုဟိနာသု စ**

သုဟိနာသုစ၊ သု,ဟိ,နာဝိဘတ်တို့ကြောင့်လည်း။ ဂေါ၊ဂေါသဒ္ဒါ၏။ ဂေါဏ စ၊ ဂေါဏပြုသည်လည်း။ ဝါ၊အချို့။ ဟောတိ၊ ဖြစ်၏။

**၈၂။ အံမော နိဂ္ဂဟိတံ ဈလပေဟိ**

ဈလပေဟိ၊ ဈ,လ, ပ-တို့မှ။ ပရော၊ နောက်ဖြစ်သော။ အံမော၊ အံဝိဘတ်, မ-အက္ခရာသည်။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်ပြုသည်။ ဟောတိ၊ဖြစ်၏။

**၈၃။ သရလောပေါမာဒေသ ပစ္စယာဒိမှိ သရလောပေ တု ပကတိ**

အမာဒေသပစ္စယာဒိမှိ၊ အံဝိဘတ်, အာဒေသ, ပစ္စည်း အာဂုံသရကြောင့်။ သရ လောပေါ၊ သရ၏ ကျေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သရလောပေ၊ သရ၏ကျေခြင်းသည်။သတိ၊ရှိလတ်သော်။တဿ၊ထိုအံဝိဘတ်,အာဒသ, ပစ္စည်း, အာဂုံသရ၏။ ပကတိ၊ ပကတိပြုသည်။ ဟောတိ၊ ဖြစ်၏။ တု၊ နှစ်ပါးစုံမဖြစ်သည်လည်း ရှိသေး၏။

**၈၄။ အဃော ရဿ မေကဝစန ယောသွပိစ**

ဧကဝစနယောသု၊ ဧကဝုစ်ဝိဘတ်, ယောဝိဘတ်တို့ကြောင့်။ အဃော၊ ဃ-မဟုတ်သော သရသည်။ ရဿံ၊ရဿအဖြစ်သို့။အာပဇ္ဇတေစ၊ ရောက်သည် သာလျှင်တည်း။ အပိ၊မရောက်သည်လည်း ရှိသေး၏။

**၈၅။ န သိသ္မိံ မနပုံသကာနိ**

သိသ္မိံ၊ သိဝိဘတ်ကြောင့်။ အနပုံသကာနိ၊ နပုလ္လိင် မဟုတ်ကုန်သော

ဣတ္ထိလိင်,ပုလ္လိင်တို့သည်။ ရဿံ၊ ရဿအဖြစ်သို့။ န အာပဇ္ဇန္တေ၊ မရောက်ကုန်။

## ၈၆။ ဥဘာဒိတော နမိန္နံ

ဥဘာဒိတော၊ ဥဘ-အစရှိသော သင်္ချာသဒ္ဒါမှ။ ပရဿ၊ နောက်ဖြစ်သော။ နံ၊ နံဝိဘတ်၏။ ဣန္နံ၊ ဣန္နံပြုသည်။ ဟောတိ၊ဖြစ်၏။

## ၈၇။ ဣဏ္ဏ မိဏ္ဏန္နံ တီဟိသင်္ချာဟိ

တီဟိ၊တိ-ဖြစ်ကုန်သော။ သင်္ချာဟိ၊သင်္ချာတို့မှ။ ပရဿ၊နောက်ဖြစ်သော။ နံ၊နံဝိဘတ်၏။ဣဏ္ဏမိဏ္ဏန္နံ၊ဣဏ္ဏံပြု,ဣဏ္ဏန္နံပြုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၈၈။ ယောသုကတနိကာရ လောပေသု ဒီဃံ

ကတနိကာရလောပေသု၊ ပြုအပ်ပြီးသော နိ-အက္ခရာ, ပြုအပ်ပြီးသော ကျေခြင်း ရှိကုန်သော။ ယောသု၊ ယောဝိဘတ်တို့ကြောင့်။ သရာ၊ သရတို့သည်။ ဒီဃံ၊ ဒီဃ အဖြစ်သို့။ အာပဇ္ဇန္တေ၊ ရောက်ကုန်၏။

## ၈၉။ သုနံဟိသု စ

သုနံဟိသု၊ သုနံဟိ ဝိဘတ်တို့ကြောင့်။ သရာ၊သရတို့သည်။ ဒီဃံ၊ ဒီဃ အဖြစ်သို့။ အာပဇ္ဇန္တေ၊ ရောက်ကုန်၏။ စ၊မရောက်သည်လည်း ရှိသေး၏။

## ၉၀။ ပဉ္စာဒီနမတ္တံ

သုနံဟိသု၊သု, နံ, ဟိ ဝိဘတ်တို့ကြောင့်။ ပဉ္စာဒီနံ၊ ပဉ္စ-အစရှိသော သင်္ချာသဒ္ဒါတို့၏ အစိတ်သရသည်။ အတ္တံ၊ အ-အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၉၁။ ပတိဿိနီမှိ

ဣနီမှိ၊ ဣနီပစ္စည်းကြောင့်။ ပတိဿ၊ ပတိသဒ္ဒါ၏ အစိတ်ဣသည်။ အတ္တံ၊ အ-အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၉၂။ န္တုဿန္တော ယောသု စ

ယောသုစ၊ ယောဝိဘတ်တို့ကြောင့်ငင်း၊ သုနံဟိသုစ၊ သု,နံ,ဟိ ဝိဘတ်

တို့ကြောင့်ဋ္ဌင်း။ န္တူသာ၊ န္တူပစ္စည်း၏။ အန္တော၊ အစိတ်ဥသည်။ အတ္တံ၊ အ-အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၉၃။ သဗ္ဗသာဝါ အံသေသု

အံသေသု၊ အံ, သ-ဝိဘတ်တို့ကြောင့်။ သဗ္ဗသာ၊ အလုံးစုံသော။ န္တူသာ၊ န္တူပစ္စည်း၏။ အတ္တံ၊ အ-၏ အဖြစ်သည်။ ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။

## ၉၄။ သိမှိ ဝါ

သိမှိ၊ သိ-ဝိဘတ်ကြောင့်။ န္တူသာ၊ န္တူပစ္စည်း၏။ အန္တသာ၊ အစိတ်ဥ-၏။ အတ္တံ၊ အ-၏ အဖြစ်သည်။ ဝါ၊ အချို့။ ဟောတိ၊ဖြစ်၏။

## ၉၅။ အဂ္ဂိဿိနိ

သိမှိ၊ သိဝိဘတ်ကြောင့်။ အဂ္ဂိဿ၊ အဂ္ဂိသဒ္ဒါ၏။ အန္တဿ၊ အစိတ် ဣ-၏။ ဣနိ၊ ဣနိပြုသည်။ ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။

## ၉၆။ ယောသွကတရဿော ဈော

ယောသု၊ ယောဝိဘတ်တို့ကြောင့်။ အကတရဿော၊ မပြုအပ်သော ရဿရှိသော။ (ဝါ) မပြု မပြင် ပင်ကိုယ်ရဿရှိသော။ ဈော၊ ဈသည်။ အတ္တံ၊ အ, အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၉၇။ ဝေဝေါသု လော စ

ဝေဝေါသု၊ ဝေပြု, ဝေါပြုတို့ကြောင့်။ အကတရဿာ၊ မပြုအပ်သော ရဿရှိသော။ (ဝါ) မပြု မပြင် ပင်ကိုယ်ရဿရှိသော။ လောစ၊ လ,သည် လည်း။ အတ္တံ၊ အ-အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၉၈။ မာတုလာဒီန မာနတ္တ မီကာရေ

ဤကာရေ၊ ဤအက္ခရာပစ္စည်းကြောင့်။ မာတုလာဒီနံ၊ မာတုလနှင့် တူကုန်သောသဒ္ဒါတို့၏ အစိတ်အ-သည်။ အာနတ္တံ၊အာန-အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၉၉။ သ္မာဟိသ္မိံန် မှာဘိမှိဝါ

သ္မာဟိသ္မိံနံ၊ သ္မာ, ဟိ, သ္မိံဝိဘတ်တို့၏။ မှာဘိမှိ၊ မှာပြု, ဘိပြု, မှိပြုတို့သည်။ ဝါ၊ အချို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၁၀၀။ နတိမေဟိ ကတာကာရေဟိ

ကတာကာရေဟိ၊ ပြုအပ်ပြီးသော အ-အက္ခရာရှိကုန်သော။ တိမေဟိ၊ တ-သဒ္ဒါ, ဣမ-သဒ္ဒါတို့မှ။ ပရေသံ၊ နောက်၌ဖြစ်ကုန်သော။ သ္မာသ္မိံနံ၊ သ္မာ,သ္မိံ ဝိဘတ်တို့၏။ မှာမှိ၊ မှာပြု, မှိပြုတို့သည်။ နဟောန္တိ၊ မဖြစ်ကုန်။

## ၁၀၁။ သုဟိသွကာရော ဧ

သုဟိသု၊ သု,ဟိ,ဝိဘတ်တို့ကြောင့်။ အကာရော၊ အ,အက္ခရာသည်။ ဧ၊ ဧ-အဖြစ်သို့၊ အာပဇ္ဇတေ၊ ရောက်၏။

## ၁၀၂။ သဗ္ဗနာမာနံ နံမှိစ

နံမှိစ၊ နံဝိဘတ်ကြောင့်လည်း။ သဗ္ဗနာမာနံ၊ သဗ္ဗနာမ်ပုဒ်တို့၏။ အကာရော၊ အ-အက္ခရာသည်။ ဧ၊ ဧ-အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၁၀၃။ အတောနေန

အတော၊ အကာရန္တမှ။ ပရဿ၊ နောက်ဖြစ်သော။ နာ၊ နာဝိဘတ်၏။ ဧန၊ ဧနပြု သည်။ ဟောတိ၊ ဖြစ်၏။

## ၁၀၄။ သော

## နျာသ–အလို [သမာသ်] ကေပဒကြံ၍ အနတ်ပေးပုံ။ ။

အတော၊ ပုလ္လိင်, အကာရန္တနောင်မှ။ သော၊ သိ-ဝိဘတ်၏ ဩ-အပြု သည်။ ဟောတိ၊ ဖြစ်၏။

## ရူပသိဒ္ဓိအလို–[ဝါကျ] တိပဒကြံ၍ အနက်ပေးပုံ

အတော၊ ပုံလိင်,အကာရန္တနောင်မှ။ ပရဿ၊ နောက်ဖြစ်သော။ သိ၊ သိ-ဝိဘတ်၏။ ဩ၊ ဩ-အပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၁၀၅။ သော ဝါ

အတော၊ အကာရန္တမှ။ ပရဿ၊ နောက်ဖြစ်သော။ နာ၊ နာဝိဘတ်၏။ သော၊ သောပြုသည်။ ဝါ၊ချို့။ ဟောတိ၊ဖြစ်၏။

## ၁၀၆။ ဒီဃောရေဟိ

ဒီဃောရေဟိ၊ ဒီဃသဒ္ဒါ, ဩရသဒ္ဒါ-တို့မှ။ ပရဿ၊ နောက်ဖြစ်သော။ သ္မာ၊ သ္မာ-ဝိဘတ်၏။ သော၊ သောပြုသည်။ ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။

### ၁၀၇။ သဗ္ဗယောနီနမာဧ

အတော၊ အကာရန္တမှ။ ပရေသံ၊ နှောင်းကုန်သော။ သဗ္ဗယောနီနံ၊ အလုံးစုံသော ပဌမာ ယော,နိ၊ ဒုတိယာ ယော,နိ-တို့၏။ အာဧ၊ အစဉ်အတိုင်း အာပြု, ဧပြု -တို့သည်။ ဝါ၊ အချို့ ဟောန္တိ၊ ဖြစ်ကုန်၏။

### ၁၀၈။ သ္မာသ္မိံနံဝါ

အတော၊အကာရန္တမှ။ ပရေသံ၊နှောင်းကုန်သော။ သ္မာသ္မိံနံ၊သ္မာ,သ္မိံဝိဘတ်တို့၏။ အာဧ၊ အာပြု, ဧပြုတို့သည်။ ဝါ၊အချို့ ဟောန္တိ၊ဖြစ်ကုန်၏။

### ၁၀၉။ အာယ စတုတ္ထေကဝစနဿ တု

အတော၊အကာရန္တမှ။ ပရဿ၊နောက်ဖြစ်သော။ စတုတ္ထေကဝစနဿ၊ စတုတ္ထီဧကဝုစ် သဝိဘတ်၏။ အာယတု၊ အာယပြုသည်လည်း။ ဝါ၊အချို့ ဟောတိ၊ဖြစ်၏။

### ၁၁၀။ တယော နေဝ စ သဗ္ဗနာမေဟိ

အကာရန္တေဟိ၊အကာရန္တဖြစ်ကုန်သော။ သဗ္ဗနာမေဟိ၊သဗ္ဗနာမ်ပုဒ်တို့မှ။ ပရေသံ၊ နောက်၌ ဖြစ်ကုန်သော။ သ္မာသ္မိံသာနံ၊သ္မာ,သ္မိံ,သ,ဝိဘတ်တို့၏။ တယော၊သုံးပါးကုန် အာ, ဧ, အာယပြုတို့ သည်။ နေဝ ဟောန္တိ၊ မဖြစ်ကုန်သည်သာတည်း။ စ၊ဖြစ်သည်လည်း ရှိကုန်၏။

### ၁၁၁။ ဃတော နာဒီနံ

ဃတော၊ဃမှ။ ပရေသံ၊နှောင်းကုန်သော။ နာဒီနံ၊နာ-အစရှိသော ဧကဝုစ် ဝိဘတ် ငါးလုံးတို့၏။ အာယ၊ အာယ-ပြုသည်။ ဟောတိ၊ဖြစ်၏။

### ၁၁၂။ ပတော ယာ

ပတော၊ပမှ။ ပရေသံ၊နှောင်းကုန်သော။ နာဒီနံ၊နာ-အစရှိကုန်သော ဧကဝုစ် ဝိဘတ် ငါးလုံးတို့၏။ ယာ၊ယာ-ပြုသည်။ ဟောတိ။ဖြစ်၏။

### ၁၁၃။ သခတော ဂဿ ဝေါ

သခတော ဝါ၊ သခသဒ္ဒါမှလည်း။ ပရဿ၊နောက်ဖြစ်သော။ ဂဿ၊ဂသိ-၏။ ဧ ၊အ,ပြု အာပြု, ဣပြု, ဤပြု, ဧပြုတို့သည်။ဟောန္တိ၊ ဖြစ်ကုန်၏။

## ၁၁၄။ ဃတေ စ

ဃတောစ၊ဃမှလည်း။ ပရဿ၊နောက်ဖြစ်သော။ ဂဿ၊ဂသိ၏။ ဧ၊ဧပြု သည်။ ဟောတိ စ၊ ဖြစ်သည်သာလျှင်တည်း။

## ၁၁၅။ န အမ္ဗာဒိတော

အမ္ဗာဒိတော၊အမ္ဗာအတူရှိသော အမိဟောသဒ္ဒါမှ။ ပရဿ၊ နောက်ဖြစ် သော။ ဂဿ၊ ဂသိ၏။ ဧ၊ဧ-အဖြစ်သည်။ နဟောတိ၊မဖြစ်။

## ၁၁၆။ အကတရဿာ လတော ယွာလပနဿ ဝေဝေါ

အကတရဿာ၊မပြုအပ်သော ရဿရှိသော။ (ဝါ) မပြုမပြင် ပင်ကိုယ် ရဿဖြစ်သော။ လတော၊ လမည်သောဥဝဏ်မှ။ ပရဿ၊ နောက်ဖြစ် သော။ ယွာလပနဿ၊ အာလုပ် ယောဝိဘတ်၏။ ဝေ ဝေါ၊ ဝေပြု, ဝေါပြု တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၁၇။ ဈလတော သဿ နော ဝါ

ဈလတော၊ဈလတို့မှ။ ပရဿ၊နောက်ဖြစ်သော။ သဿ၊သဝိဘတ်၏။ နော၊ နောပြုသည်။ ဝါ၊ အချို့၊ ဟောတိ၊ဖြစ်၏။

## ၁၁၈။ ဃပတော စ ယောနံ လောပေါ

ဃပတော စ၊ ဃပတို့မှငှင်း။ ဈလတော စ၊ဈလတို့မှငှင်း။ ပရေသံ၊နှောင်း ကုန်သော။ ယောနံ၊ ယောဝိဘတ်-တို့၏။ လောပေါ၊ကျေခြင်းသည်။ ဝါ၊အချို့၊ ဟောတိ၊ဖြစ်၏။

## ၁၁၉။ လတော ဝေါ ကာရော စ

လတော၊လမှ။ ပရေသံ၊နှောင်းကုန်သော။ ယောနံ၊ယောဝိဘတ်တို့၏။ ဝေါကာရော၊ ဝေါပြု-သည်။ ဝါ၊အချို့၊ဟောတိ၊ဖြစ်၏။ စ၊မဖြစ်သည် လည်း ရှိသေး၏။

## နာမ်ပထမပိုင်းပြီး၏။

# နာမ်ဒုတိယပိုင်း

## ၁၂၀။ အမှုသ မမံ သဝိဘတ္တိသ သေ

သေ၊ သဝိဘတ်ကြောင့်။ သဝိဘတ္တိသ၊ ဝိဘတ်နှင့် တကွဖြစ်သော။ အမှုသ၊ အမှုသဒ္ဒါ-၏။ မမံ၊ မမံပြုသည်။ ဟောတိ၊ဖြစ်၏။

## ၁၂၁။ မယံ ယောမှိ ပဌမေ

ပဌမေ၊ ပဌမာဖြစ်သော။ ယောမှိ၊ ယောဝိဘတ်ကြောင့်။ သဝိဘတ္တိသ၊ ဝိဘတ်နှင့်တကွသော။အမှုသ၊အမှု-သဒ္ဒါ၏။မယံ၊မယံပြုသည်။ဟောတိ၊ ဖြစ်၏။

## ၁၂၂။ န္တုဿ န္တော

ပဌမေ၊ ပဌမာဖြစ်သော။ ယောမှိ၊ယောဝိဘတ်ကြောင့်။ သဝိဘတ္တိသ၊ ဝိဘတ်နှင့်တကွသော။န္တုဿ၊န္တုပစ္စည်း၏။န္တော၊န္တော-ပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၁၂၃။ န္တဿ သေ ဝါ

သေ၊ သဝိဘတ်ကြောင့်။ သဝိဘတ္တိသ၊ ဝိဘတ်နှင့် တကွဖြစ်သော။ န္တုဿ၊ န္တုပစ္စည်း၏။ န္တဿ၊ န္တဿပြုသည်။ ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။

## ၁၂၄။ အာ သိမှိ

သိမှိ၊ သိဝိဘတ်ကြောင့်။ သဝိဘတ္တိသ၊ဝိဘတ်နှင့် တကွသော။ န္တုဿ၊ န္တုပစ္စည်း၏။ အာ၊အာပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၁၂၅။ အံ နပုံသကေ

သိမှိ၊သိဝိဘတ်ကြောင့်။ နပုံသကေ၊နပုံလိင်၌။ ဝတ္တမာနဿ၊ဖြစ်သော။ သဝိဘတ္တိသ၊ ဝိဘတ်နှင့် တကွဖြစ်သော။ န္တုဿ၊န္တုပစ္စည်း၏။ အံ၊အံပြုသည်။ ဟောတိ၊ဖြစ်၏။

## ၁၂၆။ အဝဏ္ဏာစ ဂေ

ဂေ၊ဂသိကြောင့်။ သဝိဘတ္တိသ၊ဝိဘတ်နှင့်တကွဖြစ်သော။ န္တုဿ၊ န္တုပစ္စည်း၏။ အဝဏ္ဏာစ၊ အဝဏ်ပြုတို့သည်၎င်း။ အံစ၊အံပြုသည်၎င်း။ ဟောတိ၊ဖြစ်၏။

## ၁၂၇။ တောတိတာ သသို့နာသု

သသို့နာသု၊သ, သို့, နာ ဝိဘတ်တို့ကြောင့်။ သဝိဘတ္တိသ၊ ဝိဘတ်နှင့် တကွဖြစ်သော။ န္တုသ၊ န္တုပစ္စည်း၏။တောတိတာ၊တောပြု,တိပြု, တာပြု တို့သည်။ ဝါ၊အချို့။ ဟောန္တိ၊ကုန်၏။

## ၁၂၈။ နံမှိ တံ ဝါ

နံမှိ၊နံဝိဘတ်ကြောင့်။ သဝိဘတ္တိသ၊ဝိဘတ်နှင့်တကွဖြစ်သော။ န္တုသ၊ န္တုပစ္စည်း၏။ တံ၊ တံပြု သည်။ ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။

## ၁၂၉။ ဣမသသိဒ မံသိသု နပုံသကေ

အံသိသု၊ အံ,သိဝိဘတ်တို့ကြောင့်။ နပုံသကေ၊နပုံလိင်၌။ ဝတ္တမာနသ၊ ဖြစ်သော။ သဝိဘတ္တိသ၊ ဝိဘတ်နှင့်တကွဖြစ်သော။ဣမသ၊ ဣမသဒ္ဒါ ၏။ ဣဒံ၊ဣဒံပြုသည်။ ဝါ၊ အချို့၊ဟောတိ၊ဖြစ်၏။

## ၁၃၀။ အမုဿာ ဒုံ

အံသိသု၊အံ, သိဝိဘတ်တို့ကြောင့်။ နပုံသကေ၊နပုံလိင်၌။ ဝတ္တမာနသ၊ ဖြစ်သော။ သဝိဘတ္တိသ၊ ဝိဘတ်နှင့်တကွဖြစ်သော။ အမုသ၊အမုသဒ္ဒါ ၏။ အဒုံ၊အဒုံပြုသည်။ ဟောတိ၊၏။

## ၁၃၁။ ဣတ္ထိပုမနပုံသက သင်္ချာ

ဣတ္ထိပုမနပုံသကသင်္ချာ၊ဣတ္ထိသဒ္ဒါ,ပုမသဒ္ဒါ,နပုံသကသဒ္ဒါ,သင်္ချာသဒ္ဒါ သည်။ ပရံ၊ နောက်သုံးသုတ်သို့။ အနုဝတ္တတိ၊လိုက်၏။

## ၁၃၂။ ယောသု ဒွိန္နံ ဒွေစ

ယောသု၊ယောဝိဘတ်တို့ကြောင့်။ သဝိဘတ္တီနံ၊ဝိဘတ်နှင့်တကွဖြစ်ကုန် သော။ ဒွိန္နံ၊ ဒွိသင်္ချာသဒ္ဒါတစ်ခုတို့၏။ ဒွေစ၊ဒွေပြုသည်လည်း။ ဟောတိ၊ ဖြစ်၏။

## ၁၃၃။ တိ စတုန္နံ တိဿော စတဿော တယော စတ္တာရော တီဏိ စတ္တာရိ

ယောသု၊ယောဝိဘတ်တို့ကြောင့်။ သဝိဘတ္တီနံ၊ဝိဘတ်နှင့်တကွ ဖြစ်ကုန် သော။ တိစတုန္နံ၊ တိ, စတုသင်္ချာသဒ္ဒါတို့၏။ တိဿော စတဿော တယော စတ္တာရော တီဏိ စတ္တာရိ၊ တိဿောပြု, စတဿောပြု, တယော

ပြု, စတ္တာရောပြု, တီဏိပြု, စတ္တာရိ ပြုတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၃၄။ ပဥ္စာဒီန မကာရော

ယောသု၊ယောဝိဘတ်တို့ကြောင့်။ သဝိဘတ္တီနံ၊ဝိဘတ်နှင့်တကွဖြစ်ကုန်သော။ပဥ္စာဒီနံ၊ပဥ္စ-အစရှိကုန်သောသင်္ချာသဒ္ဒါတို့၏အစိတ်အ-၏။ အကာရော၊ အ,ပြုသည်။ ဟောတိ၊ဖြစ်၏။

## ၁၃၅။ ရာဇဿ ရညော ရာဇိနော သေ

သေ၊သဝိဘတ်ကြောင့်။ သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။ ရာဇ-ဿ၊ ရာဇသဒ္ဒါ၏။ ရညောရာဇိနော၊ ရညောပြု, ရာဇိနောပြုတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၃၆။ ရညံ နံမှိ ဝါ

နံမှိ၊နံဝိဘတ်ကြောင့်။ သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။ ရာဇ-ဿ၊ ရာဇသဒ္ဒါ၏။ ရညံ၊ ရညံ ပြုသည်။ ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။

## ၁၃၇။ နာမှိ ရညာ ဝါ

နာမှိ၊နာဝိဘတ်ကြောင့်။ သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။ ရာဇ-ဿ၊ရာဇသဒ္ဒါ၏။ ရညာ၊ ရညာပြုသည်။ ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။

## ၁၃၈။ သ္မိံမှိ ရညေ ရာဇိနိ

သ္မိံမှိ၊သ္မိံဝိဘတ်ကြောင့်။ သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။ ရာဇ-ဿ၊ရာဇသဒ္ဒါ၏။ ရညေရာဇိနိ၊ရညေပြု, ရာဇိနိပြုတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၃၉။ တုမှမှာကံ တယိ မယိ

သ္မိံမှိ၊သ္မိံဝိဘတ်ကြောင့်။ သဝိဘတ္တီနံ၊ ဝိဘတ်နှင့်တကွဖြစ်ကုန်သော။ တုမှမှာကံ၊ တုမှသဒ္ဒါ, အမှသဒ္ဒါတို့၏။ တယိမယိ၊ တယိပြု, မယိပြု တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၁၄၀။ တွမဟံ သိမှိ စ

သိမှိ၊သိဝိဘတ်ကြောင့်။ သဝိဘတ္တီနံ၊ဝိဘတ်နှင့်တကွဖြစ်ကုန်သော။

တုမှမှာကံ၊တုမှသဒ္ဒါ, အမှသဒ္ဒါတို့၏။ တွံ အဟံစ၊တွံပြု, အဟံပြုတို့သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။

**၁၄၁။ တဝ မမ သေ**

သေ၊ သဝိဘတ်ကြောင့်။ သဝိဘတ္တီနံ၊ဝိဘတ်နှင့် တကွဖြစ်ကုန်သော။ တုမှမှာကံ။ တုမှသဒ္ဒါ, အမှသဒ္ဒါတို့၏။ တဝမမ၊တဝပြု, မမပြု တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

**၁၄၂။ တုယှံ မယှဉ္စ**

သေ၊သဝိဘတ်ကြောင့်။ သဝိဘတ္တီနံ၊ဝိဘတ်နှင့် တကွဖြစ်ကုန်သော။ တုမှမှာကံ။ တုမှသဒ္ဒါ,အမှသဒ္ဒါတို့၏။ တုယှံမယှဉ္စ၊တုယှံပြု, မယှံပြုတို့သည်လည်း။ ဟောန္တိ ၊ ဖြစ်ကုန်၏။

**၁၄၃။ တံမ မံမှိ**

အံမှိ၊အံဝိဘတ်ကြောင့်။ သဝိဘတ္တီနံ၊ဝိဘတ်နှင့် တကွဖြစ်ကုန်သော၊ တုမှမှာကံ၊တုမှသဒ္ဒါ အမှသဒ္ဒါတို့၏။ တံမံ၊တံပြု, မံပြုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**၁၄၄။ တဝံ မမဉ္စ နဝါ**

အံမှိ၊ အံဝိဘတ်ကြောင့်။ သဝိဘတ္တီနံ၊ဝိဘတ်နှင့် တကွဖြစ်ကုန်သော။ တုမှမှာကံ၊တုမှသဒ္ဒါ,အမှသဒ္ဒါတို့၏။ တဝံမမဉ္စ၊တဝံပြု,မမံပြုတို့သည်လည်း။ နဝါ၊အချို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

**၁၄၅။ နာမှိ တယာ မယာ**

နာမှိ၊နာဝိဘတ်ကြောင့်။ သဝိဘတ္တီနံ၊ဝိဘတ်နှင့် တကွဖြစ်ကုန်သော။ တုမှမှာကံ၊ တုမှသဒ္ဒါ,အမှသဒ္ဒါတို့၏။ တယာမယာ၊တယာပြု, မယာပြု တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

**၁၄၆။ တုမှဿ တုဝံ တွမံမှိ**

အံမှိ၊အံဝိဘတ်ကြောင့်။ သဝိဘတ္တိဿ၊ ဝိဘတ်နှင့် တကွဖြစ်သော။ တုမှ-ဿ၊ တုမှသဒ္ဒါ၏။ တုဝံ တွံ၊ တုဝံပြု, တွံပြုတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၄၇။ ပဒတော ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု ဝေါနော

ဒုတိယာစတုတ္ထီဆဋ္ဌီသု၊ဒုတိယာ,စတုတ္ထီ,ဆဋ္ဌီဗဟုဝုစ်ဝိဘတ်တို့ကြောင့်။ ပဒတော၊ ပုဒ်မှ။ ပရေသံ၊နှောင်းကုန်သော။ သဝိဘတ္တီနံ၊ဝိဘတ်နှင့်တကွဖြစ်ကုန်သော။ တုမှမှာကံ၊ တုမှ, အမှသဒ္ဒါတို့၏။ ဝေါနော၊ဝေါပြု, နောပြုတို့သည်။ နဝ၊အချို့။ ဟောန္တိ၊ ကုန်၏။

## ၁၄၈။ တေမေကဝစနေသု စ

ဧကဝစနေသု၊ ဧကဝုစ်ဖြစ်ကုန်သော။ စတုတ္ထီဆဋ္ဌီသုစ၊ စတုတ္ထီဆဋ္ဌီဝိဘတ်တို့ကြောင့်လည်း။ ပဒတော၊ပုဒ်မှ။ ပရေသံ၊နှောင်းကုန်သော။ သဝိဘတ္တီနံ၊ ဝိဘတ်နှင့် တကွဖြစ်ကုန်သော။ တုမှမှာကံ၊ တုမှသဒ္ဒါ, အမှသဒ္ဒါတို့၏။ တေမေ၊တေပြု, မေပြုတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၄၉။ န အံမှိ

အံမှိ၊အံဝိဘတ်ကြောင့်။ ပဒတော၊ပုဒ်မှ။ ပရေသံ၊နှောင်းကုန်သော။ သဝိဘတ္တီနံ၊ဝိဘတ်နှင့်တကွဖြစ်ကုန်သော။တုမှမှာကံ၊တုမှသဒ္ဒါ,အမှသဒ္ဒါတို့၏။ တေမေ၊တေပြု, မေပြုတို့သည်။ န ဟောန္တိ၊မဖြစ်ကုန်။

## ၁၅၀။ ဝါ တတိယေ စ

တတိယေစ၊ တတိယာဧကဝုစ်ဝိဘတ်ကြောင့်လည်း။ ပဒတော၊ပုဒ်မှ။ ပရေသံ၊ နှောင်းကုန်သော။ သဝိဘတ္တီနံ၊ဝိဘတ်နှင့်တကွဖြစ်ကုန်သော။ တုမှမှာကံ၊ တုမှသဒ္ဒါ,အမှသဒ္ဒါတို့၏။ တေ မေ၊တေပြု,မေပြုတို့သည်။ ဝါ၊အချို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၁၅၁။ ဗဟုဝစနေသု ဝေါနော

ဗဟုဝစနေသု၊ တတိယာဗဟုဝုစ်ဝိဘတ်တို့ကြောင့်။ ပဒတော၊ပုဒ်မှ။ ပရေသံ၊နှောင်းကုန်သော။ သဝိဘတ္တီနံ၊ဝိဘတ်နှင့်တကွဖြစ်ကုန်သော။ တုမှမှာကံ၊ တုမှသဒ္ဒါ,အမှသဒ္ဒါတို့၏။ ဝေါ နော၊ ဝေါပြု, နောပြုတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၅၂။ ပုမန္တဿာ သိမှိ

သိမှိ၊သိဝိဘတ်ကြောင့်။ သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။

ပုမန္တသ၊ ပုမသဒ္ဒါ၏ အစိတ် အ-၏။ အာ၊အာပြုသည်။ ဟောတိ၊ဖြစ်၏။

**၁၅၃။ အမာလပနေကဝစနေ**

အာလပနေကဝစနေ၊ အာလုပ်ဧကဝုစ်ဝိဘတ်ကြောင့်။ သဝိဘတ္တိသ၊ ဝိဘတ်နှင့်တကွဖြစ်သော။ ပုမန္တသ၊ပုမသဒ္ဒါ၏ အစိတ်အ-၏။ အံ၊အံပြုသည်။ ဟောတိ၊ဖြစ်၏။

**၁၅၄။ သမာသေစ ဝိဘာသာ**

သမာသေစ၊သမာသ်၌လည်း။ပုမန္တသ၊ပုမသဒ္ဒါ၏အစိတ်အ-၏။အံ၊အံပြုသည်။ ဝိဘာသာ၊ အချို့။ ဟောတိ၊ဖြစ်၏။

**၁၅၅။ ယောသွာနော**

ယောသု၊ ယောဝိဘတ်တို့ကြောင့်။ သဝိဘတ္တိသ၊ဝိဘတ်နှင့်တကွဖြစ်သော။ ပုမန္တသ၊ ပုမသဒ္ဒါ၏ အစိတ်အ-၏။ အာနော၊အာနောပြုသည်။ ဟောတိ၊ဖြစ်၏။

**၁၅၇။ ဟိ ဝိဘတ္တိမှိ စ**

ဟိဝိဘတ္တိမှိစ၊ ဟိဝိဘတ်ကြောင့်လည်း။ ပုမန္တသ၊ ပုမသဒ္ဒါ၏အစိတ်အ-၏။ အာနေ၊ အာနေ ပြုသည်။ ဟောတိ၊ ဖြစ်၏။

**၁၅၈။ သုသ္မိံ မာ ဝါ**

သုသ္မိံ၊သုဝိဘတ်ကြောင့်။ ပုမန္တသ၊ပုမသဒ္ဒါ၏အစိတ်အ-၏။ အာ၊အာပြုသည်။ ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။

**၁၅၉။ ဥ နာမှိ စ**

နာမှိစ၊ နာဝိဘတ်ကြောင့်လည်း။ပုမန္တသ၊ ပုမသဒ္ဒါ၏ အစိတ်အ-၏။ ဥစ၊ဥပြုသည်ငင်း။ အာစ၊အာပြုသည်ငင်း။ ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။

**၁၆၀။ အ ကမ္မန္တသ စ**

နာမှိ၊နာဝိဘတ်ကြောင့်။ကမ္မန္တသစ၊ကမ္မသဒ္ဒါ၏အစိတ်အ-၏လည်း။ အစ၊ အ- ပြုသည်ငင်း။ ဥစ၊ဥပြုသည်ငင်း၊ ဝါ၊အချို့။ ဟောတိ ၊ဖြစ်၏။

**နာမ်ဒုတိယပိုင်းပြီး၏။**

# နာမ်တတိယပိုင်း

## ၁၆၁။ တုမှမေ့ဟိ နမာကံ

တုမှမေ့ဟိ၊တုမှသဒ္ဒါ,အမှသဒ္ဒါတို့မှ။ပရသာ၊နောက်ဖြစ်သော။နံ၊နံဝိဘတ်၏။ အာကံ၊အာကံပြုသည်။ ဟောတိ၊ဖြစ်၏။

## ၁၆၂။ ဝါယွပ္ပဌမော

တုမှမေ့ဟိ၊ တုမှသဒ္ဒါ,အမှသဒ္ဒါတို့မှ။ပရော၊နောက်ဖြစ်သော။ အပ္ပဌမော၊ ပဌမာ မဟုတ်သော။ယော၊ယောဝိဘတ်သည်။ အာကံ ဝါ၊အာကံ ပြုသည် လည်း။ ဝါ၊အချို့၊ ဟောတိ၊ဖြစ်၏။

## ၁၆၃။ သဿံ

တုမှမေ့ဟိ၊ တုမှသဒ္ဒါ,အမှသဒ္ဒါတို့မှ။ ပရဿ၊ နောက်ဖြစ်သော။ သဿ၊ သ ဝိဘတ်၏။ အံ၊ အံပြုသည်။ ဝါ၊ အချို့၊ ဟောတိ၊ ဖြစ်၏။

## ၁၆၄။ သဗ္ဗနာမကာရတေ ပဌမော

သဗ္ဗနာမကာရတော၊ သဗ္ဗနာမ်အကာရန္တမှ။ ပရော၊နောက်ဖြစ်သော။ ပဌမော၊ ပဌမာဖြစ်သော။ ယော၊ယောဝိဘတ်သည်။ ဧ၊ဧ-အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၁၆၅။ ဒွန္ဒဋ္ဌာ ဝါ

ဒွန္ဒဋ္ဌာ၊ ဒွန်၌တည်သော။ သဗ္ဗနာမကာရတော၊ သဗ္ဗနာမ် အကာရန္တမှ။ ပရော၊ နောက်ဖြစ်သော။ ပဌမော၊ပဌမာဖြစ်သော။ ယော၊ ယော - ဝိဘတ်သည်။ ဧ၊ဧ အဖြစ်သို့။ ဝါ၊အချို့၊ အာပဇ္ဇတေ၊ ရောက်၏။

## ၁၆၆။ နာညံ သဗ္ဗနာမိကံ

ဒွန္ဒေ၊ ဒွန်၌တည်သော။ သဗ္ဗနာမေ၊သဗ္ဗနာမ်၌။ အညံ၊ပဌမာယော-၏ ဧ-ပြုမှုတစ်ပါးသော။ သဗ္ဗနာမိကံ၊ သဗ္ဗနာမ်၌ဖြစ်သော သံ, သာနံ-စ သော အစီအရင်သည်။ နဟောတိ၊မဖြစ်။

## ၁၆၇။ ဗဟုဗ္ဗီဟိမှိ စ

ဗဟုဗ္ဗီဟိမှိစ၊ ဗဟုဗ္ဗီဟိသမာသ်၌လည်း။ အညံ၊ပဌမာယော၏ ဧပြုမှုတစ်ပါးသော။ သဗ္ဗနာမိကံ၊ သဗ္ဗနာမ်၌ဖြစ်သော သံ, သာနံ-စသော အစီအရင်

ဟု ဆိုအပ်သော ကာရိယသည်။ နဟောတိ၊ မဖြစ်။ စ၊ဖြစ်သည်လည်း ရှိသေး၏။

## ၁၆၈။ သဗ္ဗတော နံ သံသာနံ

သဗ္ဗတော၊ခပ်သိမ်းသော။ သဗ္ဗနာမတော၊သဗ္ဗနာမ်ပုဒ်မှ။ ပရသ၊နောက်ဖြစ်သော။ နံ၊ နံဝိဘတ်၏။ သံသာနံ၊သံပြု, သာနံပြုတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၆၉။ ရာဇဿ ရာဇု သုနံဟိသုစ

သုနံဟိသု၊သု,နံ,ဟိဝိဘတ်တို့ကြောင့်။ရာဇဿ၊ရာဇသဒ္ဒါ၏။ရာဇု၊ရာဇုပြုသည်။ ဟောတိ၊ဖြစ်၏။ စ၊မဖြစ်သည်လည်း ရှိသေး၏။

## ၁၇၀။ သဗ္ဗဿိမဿေ ဝါ

သုနံဟိသု၊သု,နံ,ဟိဝိဘတ်တို့ကြောင့်။သဗ္ဗဿ၊အလုံးစုံသော။ဣမဿ၊ဣမ သဒ္ဒါ၏။ဧ၊ ဧပြု သည်။ ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။

## ၁၇၁။ အနိမိ နာမှိ စ

နာမှိစ၊နာဝိဘတ်ကြောင့်လည်း။ သဗ္ဗဿ၊အလုံးစုံသော။ ဣမဿ၊ ဣမ ဒ္ဒါ၏။ အနိမိ၊အနပြု, ဣမိပြုတို့သည်။ စ၊အမြဲ။ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၇၂။ အနပုံသကဿာယံ သိမှိ

သိမှိ၊သိဝိဘတ်ကြောင့်။ အနပုံသကဿ၊နပုံလိင်မဟုတ်သော။ သဗ္ဗဿ၊ အလုံးစုံသော။ ဣမဿ၊ ဣမသဒ္ဒါ၏။ အယံ၊အယံပြုသည်။ ဟောတိ၊ဖြစ်၏။

## ၁၇၃။ အမုဿ မော သံ

သိမှိ၊သိဝိဘတ်ကြောင့်။ အနပုံသကဿ၊နပုံလိင်မဟုတ်သော။ အမုဿ၊ အမုသဒ္ဒါ၏။ မော၊မ အက္ခရာသည်။ သံ၊သ-အဖြစ်သို့။ ဝါ၊အချို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၁၇၄။ တေတေသံ တော

သိမှိ၊သိဝိဘတ်ကြောင့်။ အနပုံသကာနံ၊နပုံလိင်မဟုတ်ကုန်သော။

ဧတေတေသံ၊ ဧတေသဒ္ဒါ, တသဒ္ဒါတို့၏။ တော၊ အစိတ် တ-သည်။ သံ၊သ-အဖြစ်သို့။ အာပဇ္ဇတေ၊ရောက်၏။

## ၁၇၅။ တဿ ဝါ နတ္တံ သဗ္ဗတ္ထ

သဗ္ဗတ္ထ၊ အလုံးစုံသောလိင်တို့၌။ တဿ၊ သဗ္ဗနာမ်တသဒ္ဒါ၏။ နတ္တံ၊ န-အဖြစ်သည်။ ဝါ၊အချို့၊ ဟောတိ၊ဖြစ်၏။

## ၁၇၆။ သသ္မာသ္မိံ သံသာသွတ္တံ

သသ္မာသ္မိံသံသာသု၊ သ, သ္မာ, သ္မိံဝိဘတ် သံပြု သာပြုတို့ကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော လိင်တို့၌။ တဿ၊သဗ္ဗနာမ် တသဒ္ဒါ၏။ အတ္တံ၊အ-အဖြစ်သည်။ ဝါ၊အချို့၊ ဟောတိဖြစ်၏။

## ၁၇၇။ ဣမသဒ္ဒဿစ

သသ္မာသ္မိံသံသာသု၊သ,သ္မာ, သ္မိံဝိဘတ်, သံပြု, သာပြုတို့ကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသောလိင်တို့၌။ ဣမသဒ္ဒဿစ၊ ဣမသဒ္ဒါ၏လည်း။ အတ္တံ၊အ-အဖြစ်သည်။ ဝါ၊အချို့၊ ဟောတိ၊ဖြစ်၏။

## ၁၇၈။ သဗ္ဗတော ကော

(သိမှိ၊သိဝိဘတ်ကြောင့်။) သဗ္ဗတော၊ခပ်သိမ်းသော။ သဗ္ဗနာမတော၊ သဗ္ဗနာမ် အကာရန္တမှ။ ပရေ၊ နောက်၌။ ကော၊ကသည်။ အာဂမော၊ လာသည်။ ဝါ၊အချို့၊ ဟောတိ၊ဖြစ်၏။

## ၁၇၉။ ဃပတော သ္မိံသာနံ သံသာ

ဃပတော၊ဃ,ပမည်သော။ သဗ္ဗတော၊ခပ်သိမ်းသော။ သဗ္ဗနာမတော၊ သဗ္ဗနာမ်မှ။ ပရေသံ၊ နောက်၌ဖြစ်ကုန်သော။ သ္မိံသာနံ၊သ္မိံ သဝိဘတ်တို့၏။ သံသာ၊သံပြု,သာပြုတို့သည်။ ဝါ၊အချို့၊ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၈၀။ နေတာဟိ သ္မိမာယ ယာ

ဧတာဟိ၊ထိုဃ,ပ-အမည်ရှိကုန်သော သဗ္ဗနာမ်ပုဒ်တို့မှ။ပရဿ၊ နောက်ဖြစ်သော။ သ္မိံ၊ သ္မိံဝိဘတ်၏။ အာယယာ၊အာယပြု, ယာပြုတို့သည်။ န ဟောန္တိ၊မဖြစ်ကုန်။

## ၁၈၁။ မနောဂဏာဒိတော သ္မိံနာန မိအာ

မနောဂဏာဒိတော၊မနောဂိုဏ်းလျှင်အတူရှိသောသဒ္ဒါမှ။ပရေသံ၊ နှောင်းကုန်သော။ သမ္မိနာနံ၊ သမ္မိ,နာဝိဘတ်တို့၏။ ဣအာ၊ ဣပြု, အာပြုတို့သည်။ ဝါ၊အချို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

**၁၈၂။ သဿ စော**

မနောဂဏာဒိတော၊မနောဂိုဏ်းလျှင်အတူရှိသောသဒ္ဒါမှ။ ပရဿ၊နောက်ဖြစ်သော။ သဿစ၊ သဝိဘတ်၏လည်း။ သြ၊သြပြုသည်။ ဟောတိ၊၏။

**၁၈၃။ ဧတေသမော လောပေ**

လောပေ၊ဝိဘတ်ကျေသည်။ သတိ၊ရှိလတ်သော်။ ဧတေသံ၊ ထိုမနောဂိုဏ်းလျှင် အတူရှိကုန်သော သဒ္ဒါတို့၏။ အန္တော၊အစိတ်အ-သည်။ သြ၊သြ-အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

**၁၈၄။ သ သရေဝါဂမော**

သရေ၊ ဝိဘတ်အပြုသရကြောင့်။ မနောဂဏာဒိတော၊မနောဂိုဏ်းလျှင်အတူရှိသောသဒ္ဒါမှ။ ပရေ၊ နောက်၌။ သ၊သသည်။ အာဂမော၊လာသည်။ ဝါ၊အချို့။ ဟောတိ၊၏။

**၁၈၅။ သန္တသဒ္ဒဿ သော ဘေ ဗော စန္တေ**

ဘေစ၊ဘ,ကြောင့်လည်း။ သန္တသဒ္ဒဿ၊အလုံးစုံသောသန္တသဒ္ဒါ၏။ သော၊သပြုသည်။ ဟောတိ၊ ဖြစ်၏။ အန္တေ၊သပြု၏အဆုံး၌။ ဗောစ၊ ဗသည်လည်း။ အာဂမော၊လာသည်။ ဟောတိ၊ဖြစ်၏။

**၁၈၆။ သိမှိ ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါအံ**

သိမှိ၊သိဝိဘတ်ကြောင့်။ ဂစ္ဆန္တာဒီနံ၊ ဂစ္ဆန္တလျှင် အတူရှိကုန်သောသဒ္ဒါတို့၏။ န္တသဒ္ဒေါ၊ န္တသဒ္ဒါသည်။ အံ၊အံ-အဖြစ်သို့။ ဝါ၊အချို့။ အာပဇ္ဇတေ၊ ရောက်၏။

**၁၈၇။ သေသေသု န္တုဝ**

သိဝဇ္ဇနတော၊သိဝိဘတ်မှ။ သေသေသု၊ကြွင်းကုန်သော ဝိဘတ်, ပစ္စည်း တို့ကြောင့်။ ဂစ္ဆန္တာဒီနံ၊ ဂစ္ဆန္တလျှင်အတူရှိကုန်သော သဒ္ဒါတို့၏။ န္တသဒ္ဒေါ၊ န္တသဒ္ဒါကို။ န္တုဝ၊ န္တုပစ္စည်းကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ရှုမှတ်အပ်၏။

## ၁၈၈။ ဗြဟ္မတ္တ သခ ရာဇာဒိတော အမာနံ

ဗြဟ္မတ္တသခ ရာဇာဒိတော၊ ဗြဟ္မ,အတ္တ,သခ,ရာဇ အစရှိသော သဒ္ဒါတို့မှ။ ပရသော၊ နောက်ဖြစ်သော။ အံ၊အံဝိဘတ်၏။ အာနံ၊အာနံပြုသည်။ ဝါ၊ အချို့။ ဟောတိ၊၏။

## ၁၈၉။ သျာစ

## (သိ+အာ+စ–ဟု (၃) ပုဒ်ရှိသော အာဒေသဝိဓိသုတ်။)

ဗြဟ္မတ္တသခ ရာဇာဒိတော၊ ဗြဟ္မ အတ္တ သခ ရာဇ အစရှိသော သဒ္ဒါတို့မှ။ ပရသော၊ နောက်ဖြစ်သော။ သိ၊သိဝိဘတ်၏။ အာ၊အာပြုသည်။ စ၊အမြဲ။ ဟောတိ၊ ဖြစ်၏။

## ၁၉၀။ ယောန မာနော

ဗြဟ္မတ္တသခ ရာဇာဒိတော၊ဗြဟ္မ အတ္တ သခ ရာဇ အစရှိသော သဒ္ဒါတို့မှ။ ပရေသံ၊နှောင်းကုန်သော။ ယောနံ၊ယောဝိဘတ်တို့၏။ အာနော၊ အာနော ပြုသည်။ ဟောတိဖြစ်၏။

## ၁၉၁။ သခတောစာ ယောနော

သခတောစ၊သခသဒ္ဒါမှလည်း။ပရေသံ၊နှောင်းကုန်သော။ယောနံ၊ယောဝိဘတ်တို့၏။ အာယော နော၊အာယောပြု, နောပြုတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

## ၁၉၂။ သ္မိမေ

သခတော၊ သခသဒ္ဒါမှ။ ပရသော၊နောက်ဖြစ်သော။ သ္မိံ၊သ္မိံဝိဘတ်၏။ ဧ၊ ဧပြုသည်။ ဟောတိ၊ ဖြစ် ၏။

## ၁၉၃။ ဗြဟ္မတော ဂဿစ

ဗြဟ္မတော၊ဗြဟ္မသဒ္ဒါမှ။ ပရသော၊နောက်ဖြစ်သော။ ဂဿစ၊ဂသိ၏လည်း။ ဧ၊ ဧပြုသည်။ ဟောတိ၊ ဖြစ်၏။

## ၁၉၄။ သခန္တဿိ နော နာနံသေသု

နောနာနံသေသု၊ နောပြု နာ, နံ, သဝိဘတ်တို့ကြောင့်။ သခန္တဿ၊သခ-သဒ္ဒါ၏ အစိတ်အ-၏။ ဣ၊ဣပြုသည်။ ဟောတိ၊ဖြစ်၏။

## ၁၉၅။ အာရော ဟိမို ဝါ

ဟိမို၊ဟိဝိဘတ်ကြောင့်။ သခန္တသ၊သခ-သဒ္ဒါ၏အစိတ်အ-၏။ အာရော၊ အာရ ပြုသည်။ ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။

## ၁၉၆။ သုနမံသု ဝါ

သုနမံသု၊ သု, နံ,အံဝိဘတ်တို့ကြောင့်။ သခန္တသ၊သခ-သဒ္ဒါ၏အစိတ်အ-၏။ အာရော၊ အာရပြု သည်။ ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။

## ၁၉၇။ ဗြဟ္မတော တု သ္မိံ နိ

ဗြဟ္မတော တု၊ ဗြဟ္မသဒ္ဒါမှလည်း။ ပရသ၊နောက်ဖြစ်သော။ သ္မိံ၊ သ္မိံဝိဘတ်၏။ နိ၊နိပြုသည်။ ဟောတိ၊ဖြစ်၏။

## ၁၉၈။ ဥတ္တံ သနာသု

သနာသု၊ သ,နာဝိဘတ်တို့ကြောင့်။ ဗြဟ္မသ၊ ဗြဟ္မသဒ္ဒါ၏။ အန္တော၊ အစိတ် အ-သည်။ ဥတ္တံ၊ဥ-အဖြစ်သို့။ အာပဇ္ဇတေ၊ရောက်၏။

## ၁၉၉။ သတ္ထုပိတာဒီနမာ သိသ္မိံ သိလောပေါစ အာဒေသဝိဓိ/လောပဝိဓိသုတ်

သိသ္မိံ၊ သိဝိဘတ်ကြောင့်။ သတ္ထု ပိတာဒီနံ၊သတ္ထု, ပိတု အစရှိသော သဒ္ဒါတို့၏။ အန္တော၊အစိတ်ဥသည်။ အာ၊အာ-အဖြစ်သို့။ အာပဇ္ဇတေ။ ရောက်၏။ သိလောပေါစ၊ သိဝိဘတ်၏ ကျေခြင်းသည်လည်း။ ဟောတိ၊ဖြစ်၏။

## ၂၀၀။ အညေသွာရတ္တံ

အညေသု၊သိ-မှ တစ်ပါးသော ဝိဘတ်တို့ကြောင့်။ သတ္ထု ပိတာဒီနံ၊သတ္ထု, ပိတု အစရှိသော သဒ္ဒါတို့၏။ အန္တော၊ အစိတ်ဥသည်။ အာရတ္တံ၊အာရ အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။

## ၂၀၁။ ဝါ နံမှိ

နံမှိ၊နံဝိဘတ်ကြောင့်။ သတ္ထုပိတာဒီနံ၊သတ္ထု,ပိတု-စသည်တို့၏။ အန္တော၊ အစိတ်ဥသည်။ အာရတ္တံ၊ အာရ အဖြစ်သို့။ ဝါ၊အချို့။ အာပဇ္ဇတေ၊ရောက်၏။

## ၂၀၂။ သတ္ထုနတ္တဉ္စ

နံမှို၊နံ၀ိဘတ်ကြောင့်။သတ္တုနည္စ၊သတ္တာဒိဂိုဏ်း သဒ္ဒါတို့၏လည်း။ အန္တော၊ အစိတ်ဥသည်။ အတ္တံ၊ အ-အဖြစ်သို့။ ဝါ၊ အချို့။ အာပဇ္ဇတေ၊ရောက်၏။

## ၂၀၃။ ဥ သသို့ သလောပေါစ

## အာဒေသဝိဓိ/လောပဝိဓိသုတ်

သသ္မိံ၊သဝိဘတ်ကြောင့်။ သတ္တုပိတာဒီနံ၊ သတ္တု, ပိတု-စသည်တို့၏။ အန္တော၊ အစိတ်ဥ-သည်။ ဥ၊ ဥ-ပြုသည်။ ဟောတိ၊၏။ သလောပေါစ၊ သ ဝိဘတ်၏ ကျေခြင်းသည်လည်း။ ဝါ၊အချို့။ ဟောတိ၊ ဖြစ်၏။

## ၂၀၄။ သက္ကမန္ဓာတာဒီနဥ္စ

သသ္မိံ၊ သဝိဘတ်ကြောင့်။ သက္ကမန္ဓာတာဒီနဥ္စ၊ သက္ကမန္ဓာတုသဒ္ဒါစသည် တို့၏လည်း။ အန္တော၊ အစိတ်ဥ-သည်။ ဥ၊ ဥ-အဖြစ်သို့။ အာပဇ္ဇတေ၊ ရောက်၏။ သလောပေါစ၊ သဝိဘတ်၏ ကျေခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။

## ၂၀၅။ တတော ယောန မော တု

## တတော+ယောနံ+ဩ+တု–ဟု (၄) ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

